**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

# ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး ဥက္ကဌ၊ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးမှ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးကို ဖွဲ့စည်းတည်ထောင်သည့် (၇၄) ကြိမ်မြောက်နေ့ သို့ ပေးပို့သော သဝဏ်လွှာ

ကရင့်သက္ကရာဇ် - ၂၇၆၀ ခုနှစ်၊ သလေ လဆုတ် (၉) ရက်

ခရစ်သက္ကရာဇ် - ဖေဖော်ဝါရီလ (၅) ရက် ၂၀၂၁ ခုနှစ်

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးမှ ခေါင်းဆောင်များ နှင့် အဖွဲ့ဝင် အပေါင်းတို့**

ယနေ့သည် **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး** ကို စတင်တည်ထောင်သည့် (၇၄)နှစ် ပြည့်မြောက်သောနေ့ ဖြစ်ပါသည်။ ဤကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအား ဖွဲ့စည်းတည်ထောင်သောနေ့တွင် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးကို ဗဟိုဌာနချုပ်၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာ အဆင့်ဆင့်တွင် ဦးဆောင်နေကြသောခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့်လုပ်ဖော်ဆောင်ဖက်အားလုံး ကာယခွန်အားနှင့် စိတ်ဓာတ်ခွန်အားများအပြင် အစည်းအရုံးဝင်၏ ခံယူချက်စိတ်ဓာတ်များဖြင့် ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပေးပို့အပ်ပါသည်။

**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**သည်၊ ကရင့်အမျိုးသားတို့၏ သမိုင်းဖြတ်သန်းမှု၊ ရင်ဆိုင်ရသည့် ဘဝအတွေ့အကြုံများနှင့် ကရင်အမျိုးသားတို့၏ သမိုင်းတောင်းဆိုချက်များကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၃) နေ့မှ (၇) ရက်နေ့အထိ ကျင်းပခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ ကရင်အမျိုးသား ကွန်ဖရင့်အစည်းအဝေးကြီးတွင် ကိုယ်စားလှယ် ခေါင်းဆောင်များမှ ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေး ရည်မှန်းချက်များကို ပြီးပြည့်စုံစေရန် နိုင်ငံလုံးဆိုင်ရာ ကရင်အမျိုးသားအဖွဲ့အစည်းများ ဖြစ်ကြသော **ဒေါကလူအသင်း**(KNA)၊ **ဗုဒ္ဓဘာသာကရင်အမျိုးသားများအသင်း** (BKNA)၊ **ကရင် ဗဟို အဖွဲ့ချုပ်** (KCO) နှင့် **ကရင်လူငယ် အစည်းအရုံး**(KYO) အားလုံးကို စုစည်းလိုက်ပြီး **ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**ကြီးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်နေ့ တွင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အစည်းအရုံးကြီးသည် ကရင်တစ်မျိုးသားလုံးကို ကိုယ်စားပြုကာ ကရင်အမျိုးသားများ နိုင်ငံရေးအရ ရသင့်ရထိုက်သော အခွင့်အရေးများကို ပြီးပြည့်စုံစေရန် နိုင်ငံရေးအရ ဦးဆောင်မှု အခန်းကဏ္ဍများကို ပေးအပ်ခဲ့ပါသည်။

ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးကြီး၏ ဦးဆောင်မှုဖြင့် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် ကရင်အမျိုးသားများ နေထိုင်လျက်ရှိသော မြို့ရွာများ၌

(၁) ကရင်ပြည် ချက်ချင်းပေး

(၂) ကရင်တစ်ကျပ် ဗမာတစ်ကျပ် ချက်ချင်းပြ

(၃) ပြည်တွင်းစစ် အလိုမရှိ

(၄) လူမျိုးရေး အဓိကရုဏ်းအလိုမရှိ ဟူသော ဆောင်ပုဒ်(၄)ရပ်ကို ကိုင်ဆောင်ကာ မိမိတို့ ကရင်အမျိုးသားများ၏ သမိုင်းတလျှောက်တွင် မိမိတို့၏ ရသင့်ရထိုက်သော နိုင်ငံရေးဆန္ဒများဖြစ်သည့် လွတ်လပ်မှု၊ တန်းတူမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များအပြင် ငြိမ်းငြိမ်းချမ်းချမ်း၊ စည်းစည်း လုံးလုံးဖြင့် အပြန်အလှန် အသိအမှတ်ပြုကြပြီး အတူတကွ ရှင်သန်ရပ်တည်နိုင်ရေးမူများကို ပထမ ဦးဆုံးအကြိမ် အသံတိတ် ထုတ်ဖော်ပြသခဲ့ကြသော နေ့တစ်နေ့ ဖြစ်ပါသည်။

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**သည် ကရင်အမျိုးသားများ၏ အမျိုးသားရေးနှင့် နိုင်ငံရေးအရ ရပိုင်ခွင့်များကို ငြိမ်းချမ်းသော လမ်းစဉ်ဖြင့် ပြီးပြည့်စုံစေရန် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ သို့ရာတွင်၊ ကရင်အမျိုးသားများ၏ လိုအင်ဆန္ဒများနှင့် တောင်းဆိုမှုများကို လေးစားအသိ အမှတ်ပြုခြင်းများ မရှိသည့်အပြင် လက်နက်ဖြင့် စစ်ရေးအရ အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ကြသောကြောင့် ၁၉၄၉ ခုနှစ် ဇန္နဝါရီလ (၃၁) ရက်နေ့တွင် မလွှဲမရှောင်နိုင်သည့်နောက်ဆုံး လက်နက်ကိုင် ခုခံတော်လှန်ရေးကို ဆင်နွှဲခဲ့ရသောကြောင့် လက်နက်ကိုင်ခုခံတော်လှန်သည့် နိုင်ငံရေး အဖွဲ့အစည်းအသွင်သို့ ကူးပြောင်းခဲ့ရပါသည်။

**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**၏ ဦးဆောင်မှုအောက်တွင် ခုခံတော်လှန်ရေး တလျှောက် ကရင်အမျိုးသားခေါင်းဆောင်များ၊ စစ်သည်တော်များအပြင် မရေမတွက်နိုင်သော ပြည်သူလူထု၏ အသက်ခန္ဓာများကို ပေးဆပ်ခဲ့ကြရပါသည်။ ယနေ့ အစည်းအရုံးကြီး၏ နှစ်ပတ် လည် အခါသမယတွင် အစည်းအရုံးကြီး၏ နိုင်ငံရေး ရပ်တည်ချက်များကို ကာကွယ်ပြီး နိုင်ငံရေးရည်မှန်းချက်များ ပြီးပြည့်စုံစေရန်အတွက် အသက်နှင့် ခန္ဓာများကို ပေးဆပ်ခဲ့ကြသောခေါင်းဆောင်များ၊ တပ်ဗိုလ်တပ်မှူးများ၊ စစ်သည်တော်များအပြင် ပြည်သူလူထု အားလုံးကို သတိရ အောက်မေ့လျှက် ဦးညွှတ်အလေးပြုအပ်ပါသည်။

ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးသည် ကရင်အမျိုးသားရေး လှုပ်ရှားမှုများကို ဦးဆောင်သည့် (၇၄)နှစ်တာ ကာလအတွင်းတွင် ဖယ်ကြဉ်ခံခဲ့ရမှုများ၊ အသင်းအဖွဲ့ကွဲပြားမှုများ၊ ခေါင်းဆောင်မှုများအကြား အပြစ်တင်ဝေဖန်မှုများအပြင် အဖွဲ့အစည်းအတွင်း အပြစ်တင်ဝေဖန်မှုများကို ကြိမ်ဖန်များစွာ ခံခဲ့ကြရပါသည်။ ခေါင်းဆောင်များအကြား နိုင်ငံရေးအရ အမြင်မတူမှုများ၊ လုပ်ငန်းလမ်းစဉ်အပေါ်တွင် အမြင်သဘောထား မတူမှုများကြောင့် သင်းကွဲဖွဲ့စည်းမှုများအပြင် မိမိတို့အဖွဲ့အစည်းကြား၌ပင် လက်နက်ကိုင် ပဋိပက္ခများလည်း ဖြစ်ပေါ်ခဲ့ရပါသည်။

ခုခံတော်လှန်ရေး နှစ်ရှည်ကြာလာသည်နှင့်မျှ အခက်အခဲအတားအဆီးများနှင့် ဆင်းရဲမွဲ တေမှုများကြောင့် လုပ်ဖေါ်ဆောင်ဖက်အချို့မှာ မောပန်းနွမ်းနယ်လာပြီး ခေါင်းဆောင်မှုနှင့် ခုခံတော် လှန်ရေး၏ အောင်မြင်နိုင်ခြေအပေါ် ယုံကြည်မှုများ ပျက်သုန်းလာသောကြောင့် စွန့်လွှတ်ထွက်ပြေးသူများ ရှိခဲ့ပါသည်။ ထို့အပြင်၊ ခုခံတော်လှန်ရေးအပေါ် ကိုယ်ကျိုးရှာ အမြတ်ထုတ်မှုများ၊ ခေါင်း ဆောင်များအကြား အာဏာအလွဲသုံးစားမှုများနှင့် လူထုအပေါ် ဆန့်ကျင်သည့် လုပ်ရပ်များလည်း ဖြစ်ပေါ်ခဲ့ပါသည်။ ဤကဲ့သို့သော အခြေအနေများကြောင့် ခေါင်းဆောင်များ နှင့် လုပ်ဖေါ်ဆောင်ဖက်များအကြား သင်းကွဲမှုများ၊ အမြင်မတူမှုများနှင့် ခေါင်းဆောင်မှုအမှားများကို ပြုပြင်ခြင်းများအပြင် ပြန်လည်စုစည်းဖွဲ့စည်းမှုများကို ကြိမ်ဖန်များစွာ ကြိုးစားလုပ်ဆောင်ခဲ့ရပါသည်။

ကရင်အမျိုးသားခုခံတော်လှန်ရေး၏ အဓိက ရည်ရွယ်ချက်သည် ကရင်အမျိုးသားများ၏ နိုင်ငံရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အမျိုးသား တန်းတူရေးအပြင် မတူကွဲပြားလျက်ရှိသော လူမျိုးတိုင်း၏ အခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို အပြည့်အဝ အာမခံချက်ပေးနိုင်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးပင်ဖြစ်ပါသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ဖြစ်ပေါ်တိုးတက်ပြောင်းလဲနေသော နိုင်ငံရေး အခြေအနေအရပ်ရပ်ပေါ် အခြေခံပြီး ခေတ်နှင့်အညီ လုပ်ငန်းလမ်းစဉ်များကို ချမှတ်အကောင်အထည် ဖေါ်ဆောင်လျက်ရှိပါသည်။ မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ နိုင်ငံရေးရပ်တည်ချက်များသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ အဖြေရှာကြရန်ဖြစ်သောကြောင့် ယခုလက်ရှိ အချိန်တွင် အပစ်အခတ်ရပ်စဲပြီး အခြားသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့်အတူ နိုင်ငံရေးတိုက်ပွဲဖြစ်သည့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများကို အကောင်အထည်ဖေါ်ဆောင်လျက်ရှိပါ သည်။

အပစ်အခတ် ရပ်စဲပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများတွင် နှစ်ဖက်တွေ့ဆုံဆွေးနွေးသူများ အကြား၌ အမျှော်အမြင်ကြီးမားမှု၊ ရဲရင့်မှုနှင့် စိတ်ရှည်သီးခံမှု စသည့်စိန်ခေါ်ချက်များကို ရင်ဆိုင်နေကြရပါသည်။ နှစ်ရှည်ကြာလာခဲ့သော ပဋိပက္ခများ နှင့် ရှုပ်ထွေးခက်ခဲမှုများကြောင့် နှစ်ဖက် အပြန်အလှန် မယုံကြည်မှုများနှင့် စိုးရိမ်မှုများမှာလည်း အမြစ်တွယ်နေကြပါသည်။ ထို့ကြောင့်၊ အနာဂါတ် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများ လွယ်ကူချောမွေ့စေရန် အပြန်အလှန်နားလည်မှုများနှင့် အပြန်အလှန်ယုံကြည်မှုများကို ကြိုးပမ်းတည်ဆောက်နိုင်ရန် အရေးတကြီး လိုအပ်နေပါသည်။

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးမှ ခေါင်းဆောင်များ နှင့် အဖွဲ့ဝင် အပေါင်းတို့**

လက်ရှိ အခြေအနေသည် စည်းစည်းလုံးလုံးနှင့် မိမိအမျိုးသားတို့၏ ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရမည့် အချိန်ကာလ ဖြစ်ပါသည်။ ယခုအချိန်တွင် မိမိတို့ကရင်အမျိုးသားများအတွက် မိမိတို့၏ ကျွမ်းကျင်ရာ အခန်းကဏ္ဍအသီးသီးတွင် မိမိတို့၏အတွေးအမြင်အတိုင်း လုပ်ဆောင်နေကြသည့် ကရင်အမျိုးသား အဖွဲ့အစည်းများစွာ ရှိနေပါသည်။ ထို့ကြောင့်၊ မိမိတို့ကရင့်အမျိုးသားအဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာ အခန်းကဏ္ဍများတွင် တစ်စုတစ်စည်းတည်းဖြင့် ညှိနှိုင်းလုပ်ဆောင်သွားနိုင်ရန် လိုအပ်နေပါသည်။ မိမိတို့၏ နေထိုင်ရာ နိုင်ငံနှင့် နေရပ်ဒေသအသီးသီးတွင် ကရင်အမျိုးသားများ၏ နိုင်ငံရေး ရည်မှန်းချက်ပန်းတိုင် ပြည့်ဝ အောင်မြင်စေရန် ကျရာအခန်းကဏ္ဍ အသီးသီးနှင့် မိမိတို့၏ ကျွမ်းကျင်ရာ အခန်းကဏ္ဍ အသီးသီးတွင် မိခင် **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**၏ ကြိုးပမ်းအားထုတ်မှုများ အရှိန်အဝါ မြှင့်တင်ကြခြင်းဖြင့် ပူးပေါင်းပါဝင် ကြရန် အထူးလိုအပ်ပါသည်။

ယခုအချိန်၌ မိမိတို့ မှီတင်းနေထိုင်နေကြသည့် ပြည်ထောင်စုကြီးတွင် နိုင်ငံရေးအခြေအနေသည် ရှုပ်ထွေး မှုများအပြင် လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း မြန်မာတပ်မတော်မှ ပြည်သူလူထု၏ ဆန္ဒဖြင့် ရွေးကောက်တင် မြှောက်ထားသော အဆင့်မြင့် ခေါင်းဆောင်ကြီးများကို ဖမ်းဆီးထိန်းသိမ်း ထားခဲ့ပြီး အာဏာကို အတင်းအဓမ္မ ရယူထားသောကြောင့် ပြည်သူလူထုနှင့် တိုင်းရင်းသားလူမျိုးများမှ လက်သင့်ခံနိုင်မှုများ မရှိခြင်းအပြင် မကျေနပ်မှု များလည်း ဖြစ်ပေါ်နေပါသည်။ ထို့အပြင်၊ ဥပဒေ နှင့် ဆန့်ကျင်သော လုပ်ဆောင်မှုများလည်း ရှိနေပါသည်။ ယခုကဲ့သို့သော လုပ်ဆောင်မှုများသည် ဒီမိုကရေစီကျင့်စဉ်များနှင့် ဖီလာဆန့်ကျင်နေသောကြောင့် မိမိတို့ အနေ ဖြင့်လည်း လက်ခံနိုင်ခြင်း မရှိသည့်အပြင် ပဋိပက္ခနှင့် ပြည်ထောင်စုကြီး၏ တည်ငြိမ်အေးချမ်းမှုကိုလည်း ထိခိုက် နိုင်ပါသည်။ ထို့အပြင်၊ ယခု မိမိတို့ **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**မှ အကောင်အထည် ဖေါ်ဆောင် နေသော ပြည်တွင်းငြိမ်းချမ်းမှု တည်ဆောက်ရေးနှင့် နိုင်ငံရေးအရ ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းများကိုလည်း ထိခိုက်နိုင်ပါသည်။ ထို့ကြောင့်၊ **ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး** ၏ အဆင့်ဆင့်သော ခေါင်းဆောင်များ နှင့် အဖွဲ့ဝင်များ အနေဖြင့် နီးနီးကြားကြား ရှိနေကြရန် အထူး လိုအပ်ပြီး နိုင်ငံရေးအရ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများကိုလည်း မျက်ချေမပြတ် နီးနီးကပ်ကပ် လေ့လာစောင့်ကြည့်ကာ နည်းမှန်လမ်းမှန်ဖြင့် တုန့်ပြန် နိုင်ရန် အရေးကြီးပါသည်။

မိမိတို့ ကရင်အမျိုးသားများသည် မိမိတို့၏ နိုင်ငံရေး ဆန္ဒနှင့် ရည်မှန်းချက်များ ပြီးပြည့်စုံခြင်း မရှိသေးပေ။ **ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး** သည် ဖွဲ့စည်းတည်ထောင်စဉ်ကာလကတည်းက ပေးအပ်ထားသော တာဝန်အတိုင်း အနာဂါတ်တွင် ရှေ့ဆက်ကြိုးပမ်းအားထုတ်ကြရပါမည်။ အစည်းအရုံးကြီးသည် ကရင်တစ်မျိုးသား လုံးအတွက် ဖွဲ့စည်းတည်ထောင်ခဲ့သောကြောင့် ကရင်တစ်မျိုးသားလုံး၏ အကျိုးစီးပွါးအတွက် ဆက်လက်လုပ် ဆောင်ရမည် ဖြစ်ပါသည်။ ထို့ကြောင့်၊ အစည်းအရုံးကြီး၏ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များသည် အစည်းအရုံး ကြီး၏ စိတ်ဓာတ်၊ အစည်းအရုံးကြီး၏ ခံယူချက်သဘောတရားများကို နားလည်လက်ခံထားပြီး အစည်းအရုံးကြီး သည် ကရင်အမျိုးသားများ၏ ကံကြမ္မာအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ရှိနေကြောင်း၊ အစည်းအရုံး ကြီး၏ ရည်မှန်းချက်ပန်းတိုင်အတိုင်းနှင့် ကရင့်အမျိုးသားများ၏ နိုင်ငံရေးရည်မှန်းချက်များ ပြီးမြောက်အောင်မြင် သည့်တိုင် ကျရာအခန်းကဏ္ဍ အသီးသီးတွင် ကြိုးပမ်းအားထုတ်သွားကြရန် မိမိအနေဖြင့် ကေအဲန်ယူ-ကရင်အမျိုး သားအစည်းအရုံးကြီး ဖွဲ့စည်းတည်ထောင်သော (၇၄) ကြိမ်မြောက် အခါသမယတွင် ခေါင်းဆောင်များ၊ အဖွဲ့ဝင် များနှင့် လုပ်ဖေါ်ဆောင်ဖက်အားလုံးကို ဆုမွန်ကောင်းတောင်းလျှက် တိုက်တွန်းမေတ္တာပို့အပ်ပါသည်။

*********